

# “နိုင်ငံတကာ ယာဉ်မောင်းခွင့် လိုင်စင်များ” တဒင်္ဂအကျိုးအတွက် အလိမ်မခံရပါစေနှင့်။

နိုင်ငံတကာ ယာဉ်မောင်းခွင့် လိုင်စင်များအား လုံးဝ မဝယ်ပါနှင့်။ ယင်းတို့သည် အလိမ်အညာ အတုအယောင်များသာဖြစ်သည်။ ငွေအမြောက်အများရရန်အတွက် အင်တာနက်၊ လမ်းထောင့်များနှင့် ဈေးများတွင် တရားမဝင်ရောင်းချနေသော အရာများဖြစ်သည်။ အမှန်တကယ် တရားဝင် နိုင်ငံတကာ ယာဉ်မောင်းခွင့် အထောက်အထားများမှာ “နိုင်ငံတကာ ယာဉ်မောင်းခွင့်” ဖြစ်ပြီး ၎င်းအား အမေရိကန် မော်တော်ယာဉ်အသင်း သို့မဟုတ် အမေရိကန်မော်တော်ယာဉ်များ ခရီးသွားလာရေးမဟာမိတ် အဖွဲ့များတွင် သာရရှိနိုင်သည်။ အမေရိကန်နိုင်ငံသားများ သို့မဟုတ် အမေရိကန်တွင် တရားဝင်နေထိုင်ခွင့်ရှိပြီး အမေရိကန်ပြင်ပတွင်ယာဉ်မောင်းရန် လိုအပ်သူများအဖို့ ယင်းအဖွဲ့အစည်းများတွင် ၁၅ ဒေါ်လာခန့်သာ ကုန်ကျခံရပြီး နိုင်ငံတကာ ယာဉ်မောင်းခွင့် လိုင်စင်များအား ရရှိနိုင်သည်။ အမေရိကန်နိုင်ငံသို့ လာရောက်သူများအဖို့ ယင်းကဲ့သို့အထောက်အထားများမလိုအပ်ပါ။ သို့သော်ငြားလည်း ထိုသူများအဖို့ အခြားအထောက်အထားများ အမှန်တကယ် လိုအပ်ပါသည်။

အကယ်၍သင်သည် ၂ဝဝ နီးပါးမျှရှိသော အခြားနိုင်ငံများမှ ဖြစ်ပြီး အမေရိကန်တွင် တရားဝင် ရောက်ရှိနေပါက သင့်နိုင်ငံ၏ ယာဉ်မောင်းခွင့် လိုင်စင်အား အသုံးပြု၍ အမေရိကန်တွင် ယာဉ်မောင်းနိုင်ပါသည်။ ယင်းနိုင်ငံများတွင် မက္ကစီကို၊ ဟွန်ဒူးရပ်စ်၊ ဂွာတီမာလာ၊ အယ်ဆာဗေဒါ၊ ကျူးဘား၊ အက်ကွေဒေါ၊ ဒိုမီနီကန် ရီပတ်ပလစ် နှင့်အခြားနိုင်ငံများပါဝင်ပါသည်။ အထူးသဖြင့် ကန်တပ်ကီတွင် အမေရိကန်နိုင်ငံရှိ အခြားပြည်နယ်တခု၏ အကျုံးဝင်နေသေးသည့် ယာဉ်မောင်းခွင့် လိုင်စင် သို့မဟုတ် သင့်နိုင်ငံ၏ အကျုံးဝင်နေသေးသည့် ယာဉ်မောင်းခွင့်လိုင်စင်ရှိမှသာလျှင် တရားဝင် ယာဉ်မောင်းနိုင်ခွင့်ရှိပါသည်။ အကယ်၍သင့်နိုင်ငံ၏ ယာဉ်မောင်းခွင့် လိုင်စင်အားအသုံးပြု၍ ယာဉ်မောင်းနေစဉ် ရဲမှတားသည့်အခါတွင် သင်သည် ဤနိုင်ငံသို့တရားဝင်ဝင်ရောက်လာကြောင်း သက်သေ အထောက်အထားခိုင်လုံအောင်ပြသပါ။ အကယ်၍ သင်သည် ကန်တပ်ကီတွင် ရက်ပေါင်း ၃ဝ သို့မဟုတ် ထိုထက်ပိုမိုနေထိုင်သူ(ကန်တပ်ကီတွင်နေထိုင်သူ၊ အလုပ်လုပ်သူ စသည်ဖြင့်) ဖြစ်ပါက ကန်တပ်ကီတွင် တရားဝင်ယာဉ်မောင်းနိုင်ရန်အတွက် ကန်တပ်ကီယာဉ်မောင်းခွင့်လိုင်စင်အား သင်ရရှိရန် လိုအပ်ပါသည်။ ကန်တပ်ကီ သယ်ယူပို့ဆောင်ရေးဌာန သို့ (270) 746-7493) မှတဆင့် ဆက်သွယ်နိုင်ပါသည်။

ပိုမိုအသေးစိတ်သိရှိလိုပါက http://.travel.state.gov သို့မဟုတ် www.aaa.com သို့မဟုတ် http://drlic.kytc.ky.gov/non_us/non_us_ctzns.htm များသို့သွားရောက်လေ့လာနိုင်ပါသည်။

## ဤအချက်အလက်များကို Bowling Green Police Department မှတင်ပြပေးထားပါသည်။

(Burmese)